ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဒီးမော့ဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

ဆီးဘူးပလော့၊ လိုဘာခိုအုပ်စု


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၆ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ | ၇ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၈ | ၈ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၉ | ၉ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၀ | ၁၁ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၂ | ၁၂ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၃ | ၁၃ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၄ | ၁၄ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၅ | ၁၅ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၆ | ၁၆ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၇ | ၁၇ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၁၈ | ၁၉ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၀ | ၂၁ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၂ | ၂၃ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၄ | ၂၄ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၅ | ၂၆ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၂၇ | ၂၈ |

# DEMOSO TOWNSHIP MAP




# ဒီးမော့ဆိုမြို့နယ်၊ လိုကာဆို အုပ်စုမြေပုံ



လိုဘာဦးကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာ နှင့် လူဦးရေစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁ | လိုဘာဦး | ၁၈၅ | ၅၂၆ | ၅၅၂ | ၁၀၇၈ | |
| ၂ | ဆောင်ဒူ | ၁၅၀ | ၄၂၃ | ၃၉၂ | ၈၁၅ | |
| ၃ | ဆီးကူးပလော | ၂၄ | ၇၄ | ၆၆ | ၁၄၀ | |
| ၄ | ယပ်ဒူ | ၅၀ | ၁၅၃ | ၁၄၂ | ၂၉၅ | |
| ၅ | ဒါးဆီအောင် | ၃ | ၉ | ၇ | ၁၆ | |
| | စုစုပေါင်း | ၄၁၂ | ၁၁၈၅ | ၁၁၅၉ | ၂၃၄၄ | |

# ကျေးရွာမြေပုံ



## လိုဘာခိုအုပ်စု ၊ ဆီးဘူးပလော့ကျေးရွာ

ရက်စွဲ ၊ ၁၅-၁၂-၂၀၁၆

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများနှင့် သဘာဝအရင်းအမြစ်များကိုသိရှိပြီး ၄င်းအရင်းအမြစ်များသုံးစွဲမှုနှင့် လက်လှမ်းမှီမှုကို လေ့လာသိရှိနိုင်ရန်။

ဆီးဘူးပလော့ကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုဘာခိုအုပ်စုကျေးရွာတွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ထောင်စု(၂၄)စုနှင့် လက်ရှိလူဦးရေ ကျား(၇၄)ဦး+မ(၆၆)ဦး ရှိပါသည်။ ကျေးရွာသည် အုပ်စုကျေးရွာမှ 3½ မိုင်ဝေးကွာပြီး ကျောက်ချောလမ်းများ သွားရကာ ရွာရောက်ခါနီးတွင် လှည်းလမ်းဖြင့် ဤကျေးရွာကိုရောက်ရှိပါသည်။ရွာကြားလမ်းများသည် လှည်းလမ်းနှင့်လူသွားလမ်းများဖြစ်သော ကြောင့် မိုးများသောကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ကျေးရွာနေအိမ် အများစုသည် ပျဉ်ထောင် အိမ်များဖြစ်ကြပြီး တိုက်အိမ် ၂ အိမ်ရှိပါသည်။စာသင်ကျောင်းနှင့်ဘုရားရှိခိုးကျောင်းတို့လည်း အုတ်နှင့်ပြုလုပ် ထား ပါသည်။

ပညာရေးအခြေအနေမှာ မူလတန်းကျောင်းရှိပြီး ကျောင်းသူ/သားဦးရေနည်းပါသည်။ပြီးခဲ့သော (၂၀၁၆)ခုနှစ်၊ စီမံကိန်းစက်ဝန်း(၁)တွင် ဤကျေးရွာ တိုးချဲ့စာသင်ကျောင်း (30'×30'×12')အခန်း လုပ်ဆောင် ပေးပါသည်။မူလတန်းပညာသင်ယူပြီးသော ကလေးများသည် တခြားကျေးရွာ၊မြို့များသို့ သွားရောက်သင်ယူရ သဖြင့် သွားလာရေးနှင့်ငွေရေးကြေးရေးများ အဆင်မပြေကြပါ။စားဝတ်နေရေးအဆင်မပြေခြင်းကြောင့် ဖြစ်သည်။ စာသင်ကျောင်းခြံဝင်းထဲတွင် ပျဉ်ထောင်နှင့်ပြုလုပ်ထားသောမူကြိုကျောင်းလည်း ရှိသည်။

ဤကျေးရွာသည် အိမ်ခြေ(၂၃)လုံးရှိသော်လည်း စည်ပင်မှမိုးရေလှောင်ကန်၊ ကျေးလက်မှမိုးရေ လှောင်ကန် စုစုပေါင်းမိုးရေလှောင်ကန်(၉)လုံးရှိပါသည်။တချို့မိုးရေလှောင်ကန်ကောင်းသော်လည်း တချို့ မိုးရေ လှောင်ကန် မကောင်းပါ။နွေရာသီနှင့်ဆောင်းရာသီတွင် စိမ့်စမ်းရေထွက်ပေါက်မှ ရေကိုသုံးစွဲနေရသော်လည်း ခြံခတ်ထားခြင်းမရှိ၍ သန့်ရှင်းသောရေမရပါ။၄င်း ရေထွက်ပေါက်များသည် ရွာနှင့် (၂)ဖာလုံခန့်သာ ကွာဝေး ပါသည်။

ကျန်းမာရေးအခြေအနေမှာ ကျေးရွာတွင် ဆေးခန်းမရှိ၍ လိုအပ်သောကုသမှုအတွက် လိုဘာခို ကျေးရွာအထိ လာရောက်ပြသရပါသည်။တချို့ရောဂါပြင်းထန်မှုရှိလာပါက ဒီးမော့ဆိုမြို့ပေါ်ဆေးရုံအထိ သွားရောက်ပြသရပါသည်။ဤသို့ တခြားကျေးရွာ၊မြို့များသို့ သွားရောက်ကုသရသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့် ငွေကြေးမှာ အခက်အခဲရှိပါသည်။

စီးပွားရေးအရင်းအမြစ်မှာ လယ်ယာနှင့်ကိုင်းအနည်းငယ်သာရှိကြပါသည်။ယင်းလယ်ယာမြေများ တွင် စပါး၊ပြောင်းဖူး၊ဂျင်း၊ဂျူးမြစ် စသည့်သီးနှံများစိုက်ပျိုးကြသော်လည်း အိမ်ထောင်စုတိုင်း စိုက်ပျိုးခြင်းမရှိပါ။ လယ်ယာမြေမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း စသည်တို့ကြောင့်ဖြစ်သည်။ယင်းကျေးရွာသည် နေ့စားအလုပ် သမားများမှ အရင်းအမြစ်ကို လက်လှမ်းမှီသော်လည်း ကျေးရွာအတွင်းရှိအလုပ်နှင့်မလုံလောက်သောကြောင့် တခြားမြို့၊ရွာများသို့ တချို့သွားရောက်အလုပ်လုပ်ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၇)ဦး

မ (၁၈)ဦး

ရက်စွဲ ၊ ၁၆-၁၂-၂၀၁၆

**ကျေးရွာသမိုင်းကြောင်း သုံးသပ်ချက်**


ဆီးဘူးပလော့ကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ဗြဟ္မရဲ့ဂိုဘာသာကိုးကွယ်ယုံကြည်ကြသော ကယန်းလူမျိုးများဖြစ်ကြသည်။ ကျေးရွာသည် တောင်ကုန်းတောင်တန်းပေါ်တွင်တည်ရှိသောကြောင့် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ(၄၀၀၀) အထက်တွင် ရှိပါသည်။

ဤကျေးရွာသည် ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလတွင် စတင်တည်ထောင်ခဲ့ပြီး လိုဘာခိုကျေးရွာ မျိုးနွယ်စုများမှ ဖြစ်ကြပါသည်။လိုဘာခိုကျေးရွာနှင့် 3½ မိုင်ခန့်အကွာဝေးသောရွာတစ်ရွာဖြစ်ပါသည်။၁၉၉၂ခုနှစ်၊ မတ်လတွင် လိုဘာခိုအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်ကြသော ဆီးဘူးပလော့ကျေးရွာ၊ ယပ်ခူကျေးရွာနှင့် ဂါဆီဆောင်ကျေးရွာတို့သည် နဝတစစ်အစိုးရ၏ ဖြတ်(၄)ဖြတ်ဖြင့် လိုဘာခိုကျေးရွာတွင် ခေတ္တယာယီပြောင်းရွှေ့ နေထိုင်ကြရန် အမိန့်ထုတ်ပြန်ပါသည်။ဤအချိန်တွင် ကျေးရွာလူထုအတွက် ဝမ်းနည်းကြေကွဲရခြင်း၊မမေ့နိုင်သော နေ့တစ်နေ့ဖြစ်ပါသည်။၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလတွင် မိမိကျေးရွာသို့ ပြန်လည်နေထိုင်ခွင့်အမိန့်ရရှိသောအခါမှ ကျေးရွာလူထုအတွက် အလွန်ဝမ်းမြောက်ခဲ့သော နေ့တစ်နေ့လည်း ဖြစ်ပါသည်။သို့သော် ထိုနှစ်အတွင်း/အပြီး (၁၉၉၂-၁၉၉၃)တွင် ကျေးရွာအိမ်ခြေ(၁၀)ကျော်ရှိသည့်အနက် တစ်အိမ်(၁)ဦးနှုန်း(ခန့်မှန်း)ဖြင့် (၁၀)ယောက် ကျော်သေဆုံးခဲ့ပါသည်။သေဆုံးရသည့်အကြောင်းအရင်းမှာ တချို့ကဖျားနာခြင်း၊ တချို့ကဖျားနာခြင်းမရှိ တချို့က ထိခိုက်ဒဏ်ရာရရှိခြင်းတို့ကြောင့်ဖြစ်သည်။ဤခုနှစ်အဖြစ်အပျက်သည် ကျေးရွာအတွက် မေ့မရသော နှစ်တစ်နှစ်ဖြစ်ပါသည်။

ယနေ့လက်ရှိ အိမ်ခြေပေါင်း(၂၃)အိမ်နှင့်လူဦးရေ(၁၄၀)ဦးရှိပြီး ရပ်ကွက်(၃)ရပ်ကွက်ရှိရာ ထိုဒိုပလော့ရပ်ကွက်၊ ဝေကစာခိုရပ်ကွက်နှင့် ရွာဟောင်းရပ်ကွက်ဟူ၍ ခေါ်ဝေါ်သမုတ်ကြပါသည်။ဤကျေးရွာ သည် အိမ်ခြေနည်းပြီး တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် အလှမ်းဝေးနေထိုင်ကြသော်လည်း ပေါင်းသင်းဆက်ဆံရေး ကောင်းသောရွာတစ်ရွာဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၄)ဦး
မ (၂)ဦး

ဥစ္စာဓနကြွယ်ဝမှုပြဇယား



လိုဘာဒို အုပ်စု ကျေးရွာ

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ · ၁၅ · ၁၂ · ၁၆

ဆွေးနွေးသူဦးရေ ကျား · ၁၇ / မ · ၁၈

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | လယ် (1.5) ဧက နှင့်အထက်ရှိ၊ ကျွဲ/နွားရှိ၊ စပါးကြိတ်စက်ယင်ရှိ၊ ဆော်လာရှိ၊ ဆိုင်ကယ်ရှိ တိုက်အိမ်၊ သားသမီးများ ပညာရေး လက်လှမ်းမှီမှု အဆင်ပြေ | ၃ | ၁၃.၀ |
| B | လယ် (1) ဧကအောက်ရှိ၊ ပျဥ်ထောင်အိမ်၊ ဆိုင်ကယ်၊ ကျပန်းအလုပ်၊ စားဝတ်နေရေး အသင့်အတင့်အဆင်ပြေ၊ | ၇ | ၃၀.၄ |
| C | ပျဥ်ထောင်/ထရံအိမ်၊ ကျပန်းအလုပ်၊ စားဝတ်နေရေး အဆင်မပြေ၊ သားသမီးများ ပညာရေးလက်လှမ်းမှီမှုမှာ အားနည်း၊ | ၁၃ | ၅၆.၅ |
| | | ၂၃ | |

## လှိုင်ဘာခိုအုပ်စု ၊ ဆီးဘူးပလောအ့ကျေးရွာ

ရက်စွဲ ၊ ၁၅-၁၂-၂၀၁၆

**ဥစ္စာဓနကြွယ်ဝမှုပြဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိအိမ်ထောင်စုများ၏ ဥစ္စာဓနကွာခြားမှုများ၊လူမှုရေး၊စီးပွားရေးအခြေအနေအလိုက် စံနှုန်းသတ်မှတ်ချက်များ၊ သတ်မှတ်ချက်များတွင် ပါဝင်နေသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအချိုးများကို သိရှိလာစေရန်။

ဆီးဘူးပလောအ့ကျေးရွာတွင် အိမ်ခြေ(၂၃)အိမ်ရှိပြီး ဥစ္စာဓနကြွယ်ဝမှုပြဇယား သုံးသပ်ချက်တွင် အုပ်စု(၃)အုပ်စု ရှိပါသည်။၎င်းတို့မှာ အုပ်စု(၁)တွင် ပြေလည်သောအိမ်ထောင်စုမှာ (၃)စု (၁၃.၁%)၊ အုပ်စု(၂)တွင် အလယ်အလတ်ပြေလည်သောအိမ်ထောင်စုမှာ (၇)ခု (၃၀.၄%)၊ အုပ်စု(၃)တွင် မပြေလည် သော အိထောင်စုမှာ (၁၃)စု (၅၆.၅%) တို့ဖြစ်သည်။

ပြေလည်သောအိမ်ထောင်စု သွင်ပြင်လက္ခဏာများမှာ လယ်(၁.၅)ဧကနှင့်အထက်၊ ကျွဲ၊ နွားရှိ စပါးကြိတ်စက်ငယ် ၊ စက်၊ တိုက်အိမ်၊ သားသမီးများပညာရေးလက်လှမ်းမှီမှုရှိခြင်း စသည်တို့ ပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုဖြစ်သည်။

အလယ်အလတ်ပြေလည်သောအိမ်ထောင်စု သွင်ပြင်လက္ခဏာများမှာ လယ်(၁)ဧကအောက်၊ ပျဉ်ထောင်အိမ် နှင့် ဆိုင်ကယ်တို့ပိုင်ဆိုင်ကြပြီး ကျဘန်းအလုပ်နှင့် စားဝတ်နေရေးအသင့်အတင့်အဆင်ပြေပါသည်။


မပြေလည်သောအိမ်ထောင်စု သွင်ပြင်လက္ခဏာများမှာ ပျဉ်ထောင်အိမ်(သို့)ထရံအိမ်၊ ကျဘန်းအလုပ် နှင့် စားဝတ်နေရေးအဆင်မပြေပါ။ဤအုပ်စုတွင် သားသမီးများဝမ်းစာဖူလုံမှုမရှိ၍ ပညာရေးတွင် လက်လှမ်းမီမှု အားနည်းပါသည်။

ဤအုပ်စု(၃)စုသည် ယေဘုယျအားဖြင့် အုပ်စု(၂)မှ အိမ်ထောင်စုသည် အုပ်စု(၁)သို့၊ အုပ်စု(၃)မှ အိမ်ထောင်စုသည် အုပ်(၂)သို့ (၃)နှစ်အတွင်းသိသာပြောင်းလဲမှုရှိလာမည်ဟု မထင်ရချေ။အဘယ်ကြောင့်ဆိုသော် အချို့သော အိမ်ထောင်စုသည် စဉ်းစားတွေးခေါ်မှုဉာဏ်မမှီခြင်း၊ အလုပ်ကြိုးစားမှုမရှိခြင်း၊ သားသမီးများခြင်း၊ စိုက်ပျိုးရေးနည်း ပညာမရှိခြင်း၊ မွေးမြူရေးပညာနှင့် အရင်းအနှီးမရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း စသည်တို့ဖြစ်သည်။

ဤကျေးရွာတွင် မပြေလည်သောအုပ်စုများသောကြောင့် ရွာ၏ဖွံ့ဖြိုးရေးနှောင့်နှေးနေပါသည် ဟု ကျေးရွာလူထုနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြင့် သိရှိခဲ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၇)ဦး
မ (၁၈)ဦး

ကျား/မ ဆိုင်ရာ ပင်ကူအိမ်ဖော်ထုတ်ခြင်း



# လှိုင်ဘာစိုအုပ်စု ၊ ဆီးဘူးပလော့ကျေးရွာ

ရက်စွဲ ၊ ၁၅-၁၂-၂၀၀၆

**ပင့်ကူအိမ် သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏ အခြေအနေနှင့်ကွာခြားမှုများကို လေ့လာသိရှိနိုင်ရန် ဖြစ်သည်။

ဆီးဘူးပလော့ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အချက်(၈)ချက်ဖြင့် နှိုင်းယှဉ်ဆွေးနွေး ခဲ့ကြပါသည်။

အချက်(၁) အိမ်မှုကိစ္စဆောင်ရွက်မှုသုံးသပ်ချက်မှာ အမျိုးသမီးများပိုများပါသည်။အမျိုးသားအများစုသည် ဝင်ငွေရသောအလုပ်၊ အိမ်ပြင်ပသို့ အလုပ်ထွက်ရှာရခြင်းမှာ တာဝန်ပိုရှိပြီး အိမ်မှုကိစ္စတွင်အမျိုးသမီး တာဝန်ပိုဖြစ်ကြောင်း၊ အမျိုးသမီးများကျန်းမာရေးကြောင့် နေမကောင်းဖြစ်ခြင်းနှင့် မအားလပ်သောအချိန်မှသာ အမျိုးသားများအိမ်မှုကိစ္စတွင် ဆောင်ရွက်ရခြင်းဖြစ်သည်။အလုပ်အကိုင် ပြင်ပသို့ ထွက်ခွာရာတွင်လည်း အမျိုးသားလုပ်အားခမှာ အမျိုးသမီးထက်များသောကြောင့်ဖြစ်သည်။

အချက်(၂) လုံခြုံမှုသုံးသပ်ချက်တွင် အမျိုးသားက ပိုများပါသည်။အမျိုးသားများသည် ရိုးရာဓလေ့အရ ပတ်ဝန်းကျင်ဝေဖန်မှုသည် အမျိုးသမီးထက်နည်းခြင်း ၊ လွတ်လပ်စွာ သွားလာနေထိုင်ရေးတွင်လည်း စိုးရိမ်မှုများသည် အမျိုးသမီးထက်များခြင်းနှင့် ကာယခွန်အားပိုရှိခြင်းကြောင့်ဖြစ်သည်။

အချက်(၃) ဦးဆောင်ပိုင်ခွင့်သုံးသပ်ချက်တွင် အမျိုးသမီးကပိုများပါသည်။ဆုံးဖြတ်ချက်ချပြီးသောကိစ္စ ဥပမာ - ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ရသော အလုပ်ကိစ္စ၊ မိသားစုကိစ္စ၊ ရပ်ရွာ သာရေး၊ နာရေးကိစ္စ စသည့်အဝဝတွင် အမျိုးသမီးများပို၍ဦးဆောင်သည်ကို တွေ့ရပါသည်။

အချက်(၄) ဆုံးဖြတ်ပိုင်ခွင့်သုံးသပ်ချက်တွင် အမျိုးသားများပိုများပါသည်။အမျိုးသမီးများသည် ကာယခွန်အားအားနည်းခြင်း၊ လုံခြုံမှုတွင်လည်းအမျိုးသားထက် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်း၊အများရှေ့ ပြောဆိုရန် ခက်ခဲခြင်း နှင့်ပတ်ဝန်းကျင် တွင်လည်း အစဉ်အလာအရ အထင်သေးခံရခြင်း ကြောင့်ဖြစ်သည်။


အချက်(၅) အမွေရပိုင်ခွင့်သုံးသပ်ချက်မှာ ရှေးရိုးထုံးတမ်းစဉ်လာအရ အမျိုးသမီးများမှာ အမျိုးသားများနှင့် ရင်ဘောင်မတန်းနိုင်ပါ။အမွေရပိုင်ခွင့်သည် အမျိုးသမီးများမှာ မရှိပါ။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများအရွယ်ရောက်ပြီး အိမ်ထောင်ကျသောအခါမှ အမျိုးသားနှင့် အတူ သွားရောက်နေထိုင်ရခြင်းဖြင့် တခြားသူများ၏ သမီးဖြစ်သွားသည်ဟု ယုံကြည် ယူဆကြသောကြောင့် ဖြစ်သည်။

အချက်(၆) ပူးပေါင်းပါဝင်မှုသုံးသပ်ချက်တွင် အမျိုးသမီးပိုများပါသည်။ ဥပမာအားဖြင့် သာရေးနာရေး ပွဲလမ်းသဘင်တွင် လည်းကောင်း၊ ယခုစီမံကိန်း အစည်းအဝေး တက်ရောက်ရာတွင်လည်းကောင်း အမျိုးသမီးဦးရေပို၍များသည်ကို တွေ့ရပါသည်။

ထိုသို့ဆွေးနွေးခြင်းများပြုလုပ်ခြင်းအားဖြင့် အမျိုးသားများသည် အမျိုးသမီးများ၏ အားသာချက်၊အားနည်းချက်များ ပိုမိုသိရှိလာပြီး လက်တွဲခေါ်ဆောင်သွားရန်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၇)ဦး
မ (၁၈)ဦး

အဖွဲ့ အစည်းချိတ်ဆက်မှုပြဇယား



## လှိုင်ဘာခိုအုပ်စု ၊ ဆီးဘူးပလော့ကျေးရွာ

ရက်စွဲ ၊ ၁၅-၁၂-၂၀၀၆

**အဖွဲ့အစည်းချိတ်ဆက်မှုဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ လူထုအတွင်း ကွဲပြားခြားနားသော အုပ်စုများ၊ အဖွဲ့အစည်းများ၊ အပြန်အလှန်အကျိုးပြုသည့်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ၊ လူမျိုးကွဲအဖွဲ့များနှင့် ဘာသာရေးအဖွဲ့များ စသည့်အဖွဲ့များ အရေးကြီးသောအခန်းကဏ္ဍကိုသိရှိလာစေရန်။


ဆီးဘူးပလော့ကျေးရွာတွင် အဖွဲ့အစည်း(၇)ခုရှိသည်။ရွာတွင်း(၅)ခု ဖြစ်သောကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ပညာရေးကော်မတီအဖွဲ့နှင့် ကျန်းမာရေးကော်မတီအဖွဲ့တို့ဖြစ်သည်။ရွာပြင်ပ(၂)ခုဖြစ်သော လူထုဗဟိုပြုစီမံကိန်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့တို့ဖြစ်သည်။

ရွာတွင်းအဖွဲ့အစည်းများဖြစ်သော ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့သည် ကျေးရွာလူထု အတွက် မရှိမဖြစ်လိုအပ်သောအဖွဲ့ဖြစ်သည်။ပဋိပက္ခများရွာတွင်းရှိလာပါက ဦးဆောင်ဖြေရှင်းပေးခြင်း၊ အဖွဲ့များအကြားချိတ်ဆက်မှုရှိ၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်အတွက် ဆုံးဖြတ်ချက်ပေးသောအဖွဲ့ဖြစ်သည်။ဘာသာရေးအဖွဲ့နှင့် လူငယ်အဖွဲ့တို့သည် ကျေးရွာတွင် ဘုရား၊တရားများကို ဦးဆောင်လုပ်ကိုင်ခြင်း၊ အဖွဲ့များအကြားချိတ်ဆက်မှုရှိ၍ ရပ်ရွာ၏ သာရေး၊ နာရေး၊ လူမှုရေးတွင် အသင့်အတင့်အရေးပါသော အဖွဲ့များဖြစ်သည်။ပညာရေးကော်မတီအဖွဲ့နှင့် ကျန်းမာရေးကော်မတီအဖွဲ့လည်း အဖွဲ့များအကြားချိတ်ဆက်မှုရှိ၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင်လည်း ပူးပေါင်းပါဝင်မှုရှိသောကြောင့် ကျေးရွာအတွက် အသင့်အတင့်အရေးပါသော အဖွဲ့များ ဖြစ်သည်။

ရွာပြင်ပအဖွဲ့များဖြစ်သော လူထုဗဟိုပြုစီမံကိန်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့သည်လည်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့နှင့် ပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်များ၊ ကျေးရွာတွင်းစည်းလုံးညီညွတ်မှု ဦးဆောင်ဆောင်ရွက်နေသောကြောင့် ကျေးရွာအတွက် အသင့်အတင့်အရေးကြီးသောအဖွဲ့များ ဖြစ်ကြသည်၊

ပါဝင်ဆွေးနွေးသူ - ကျား(၁၇)ဦး
မ (၁၈)ဦး

ရာသီခွင်ပြ ပြက္ခဒိန်



# လှိုင်ဘွဲကော့ရိုက်နယ် ၊ ဆီးဘူးပလော့ကျေးရွာ

ရက်စွဲ ၊ ၁၅-၁၂-၂၀၀၆

**ရာသီစွင့်ပြဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ အလုပ်အကိုင်၊ အစားအစာရရှိနိုင်မှု ကျန်းမာရေးပြဿနာများနှင့် ရာသီအလိုက်ပြောင်းလဲမှုများ၏ အခြေအနေကိုသိရှိရန် ဖြစ်သည်။

ကျေးရွာမှာ နွေ၊မိုး၊ဆောင်း ဟူ၍ ရာသီဥတု(၃)မျိုးရှိပြီး မိုးရာသီမှာ မေလတတိယပတ်မှစ၍ အောက်တိုဘာလ ပထမအပတ်အထိဖြစ်ကာ ၎င်းကာလတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကာလ ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ရွာတွင်းလမ်းများသည် လှည်းလမ်း၊ လူသွားလမ်းများဖြစ်သောကြောင့် ဖြစ်သည်။

ကျေးရွာတွင်လယ်ယာမြေအနည်းငယ်ရှိပြီးစိုက်ပျိုးသောသီးနှံများမှာပြောင်း၊စပါး၊အာလူး၊ငရုတ်သီးနှင့် ဝင်းသီးဝင်းရွက်များဖြစ်ပါသည်။အာလူးနှင့်ဂျင်းတို့မှာ ဧပြီတွင်မျိုးချပြီး ကျန်သီးနှံများဖြစ်သော စပါး၊ပြောင်း၊ ငရုတ်နှင့်ဟင်းသီးဟင်းရွက်တို့မှာ အများဆုံးမေလနှင့်ဇွန်လများတွင် မျိုးချပြီး ဇူလိုင်လတွင်လှေကားထစ်လယ်များအတွက် စပါးများစိုက်ပျိုးကြသည်။ဩဂုတ်လမှအောက်တိုဘာလအထိ စိုက်ပျိုးထားသော ပြောင်းနှင့်ဟင်းသီးဟင်းရွက်များ စားသုံးကြပြီး နိုဝင်ဘာလတွင်စပါးများရိတ်သိမ်းကြသည်။ဒီဇင်ဘာလတွင် ငရုတ်စိုက်ပျိုးသောသူများ ငရုတ်သီးများသိမ်းဆည်းကြပါသည်။အထက်ဖော်ပြပါသီးနှံများသည် စီးပွားအဖြစ်စိုက်ပျိုးခြင်းမဟုတ်ဘဲ မြေယာရှိသော(သို့)ဝါသနာပါသောသူများသာလျှင် စိုက်ပျိုးကြသောကြောင့် ဝမ်းစာဖူလုံမှုကျေးရွာအတွက် မရရှိချေ။

ကျေးရွာတွင် မြဟွန်ရိုဘာသာတစ်မျိုးတည်းကိုးကွယ်ကြသောကြောင့် ဘာသာရေးပွဲသာရှိပါသည်။ ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ တုပ်ကွေးရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပါသည်။ရာသီပြောင်းလဲချိန်တွင် ရောဂါပိုဖြစ်များပါသည်။ရောဂါပြင်းထန်မှုမရှိပါက ကျေးရွာရှိကျန်းမာရေးလုပ်သားမှာ ဆေးဝါးကုသမှုခံယူပြီး ပြင်းထန်မှုရှိလာပါက လှိုင်ဘွဲကျေးလက်ကျန်းမာရေးဌာန၊ဒီးမော့ဆိုဆေးရုံသို့ အချိန်မီကုသမှု ခံယူပါသဖြင့် အသေအပျောက်နည်းပါသည်။

ကျေးရွာအတွက် သောက်သုံးရေကို တောမှထွက်သော စိမ့်စမ်းရေထွက်ပေါက် ရေတွင်းဖြစ်ပြီး ဧပြီလနှင့်မေလတွင် ရေရှားပါးမှု ရှိပါသည်။တခြားလများတွင် အဖွဲ့အစည်းများမှ ဆောက်လုပ်ပေးသော မိုးရေလှောင်ကန်များရှိသောကြောင့် ဖြစ်သည်။

ကျေးရွာ၏ ဝမ်းစာဖူလုံရေးမှာ စပါးရိတ်သိမ်းပြီးသော (၃)လအတွင်းသာရှိပြီး ကျန်သောလများမှာ ဝမ်းစာဖူလုံမှုအခက်အခဲရှိပါသည်။အဘယ်ကြောင့်ဆိုသော် ယာယ်ယာမြေပိုင်ဆိုင်မှုနည်းပါးခြင်း၊ စိုက်ပျိုးသောနေရာ မကောင်းခြင်း၊ မြေဆီလွှာမကောင်းခြင်း စသည်တို့ကြောင့်ဖြစ်သည်။ထို့ကြောင့် အိမ်ထောင်စုအများစုသည် အခုပ်ပါးသောအချိန်(သို့)အားလပ်သောအချိန်တိုင်းတွင် ကျေးရွာပြင်ပသို့ ကျဘန်းအလုပ်များ မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်ကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၇)ဦး
မ (၁၈)ဦး

# ကော်မတီဝင်စာရင်း

ကော်မတီဝင်စာရင်းများ

အုပ်စု - လိုဘာခို

ကျေးရွာ - ဆီးဘူးပလော

၁၆.၁၂.၂၀၁၆

သောကြာနေ့

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီမံ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးသာထွန်းဖေ | |
| | | ဥက္ကဋ္ဌ | ဒေါ်သိန်းမူ | |
| ၂။ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်ထွန်း | |
| | | အဖွဲ့ဝင် | ဦးဂေဇီ | |
| | | အဖွဲ့ဝင် | ဒေါ်ငပေါ် | |
| ၃။ | စောင့်ကြည့်နှင့် ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်လေးဘို | |
| | | အဖွဲ့ဝင် | ဦးအောင်သာ | |
| | | အဖွဲ့ဝင် | ဒေါ်ဘူးသာ | |
| ၄။ | လည်ပတ်မှု ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလှကျော် | |
| | | အဖွဲ့ဝင် | ဦးကားညို | |
| | | အဖွဲ့ဝင် | ဒေါ်ဂုလေးဖော် | |
| ၅။ | ကျေးရွာ ငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်နော်နေကလေးမူ | |
| ၆။ | ဝေမျှအကြံပြု တိုင်ကြားဖြေရှင်းရေး ကော်မတီ | ဥက္ကဋ္ဌ | ဦးချမ်းမြေ | |
| | | အဖွဲ့ဝင် | ဒေါ်ခင်းမြပေါ် | |
| ၇။ | ကျေးရွာ စေတနာ့ဝန်ထမ်း | | ဦးလှိုင်းမိ | |
| | | | ဒေါ်နော်မျိုးပို | |





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်၊** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး [illegible] | [illegible] | ဒေါ်[illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | [illegible] | [illegible] |

**က၊ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၂၄ | ဘာသာ (၁) ခရစ်ယာန် | ၂၄ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ---------- | |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစု (၄) ---------- | | | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂+၂ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | 74 | 66 |
| လူမျိုးစု (၂) ---------- | | |
| လူမျိုးစု (၃) ---------- | | |
| လူမျိုးစု (၄) ---------- | | |
| လူမျိုးစု (၅) ---------- | | |
| အိမ်ထောင်ဦးစီး | 24 | – |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) **လူထုဖော်ပြစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?** — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် 3 1/4 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---- 25 mins ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန်------ 30 mins ------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ----------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------- ရေကြီး ----------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဖော်ပြစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) MIထုဗဟိုပြုစီမံကိန်း

(၂) ------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦး သာဇလိုင်

လက်မှတ် [signature] နေ့စွဲ ၁၆ - ၁၂ - ၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ရူးအယ်ရှိုင်း

လက်မှတ် [signature] နေ့စွဲ 16 . 12 . 16

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ***လမ်းညွှန်ချက်။*** *သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | [illegible] | | | | | | |
| နေ့စွဲ | 15. 12. 16 | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | [illegible] | ကျေးရွာအုပ်စု | [illegible] | ကျေးရွာ | [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15·12·16 | 15·12·16 | 17 | 18 | 19 | ကယန်း \| 35 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.12.16 | 16·12·16 | 16 | 16 | 20 | ကယန်း \| 32 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 13·1·17 | 13·1·17 | 8 | 8 | 15 | ကယန်း \| 16 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | | | |
| နေ့စွဲ 16-12-16 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု လိုကော် | ကျေးရွာ ဆိုးကျူပလော |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ဆေးပေးခန်း မရှိသည့် အခက်အခဲ | ၁ | ကလေးများ ဘာသာရေးပညာ နည်းသည့် အခက်အခဲ |
| ၂ | စားဝတ်နေရေး မပြေလည်သည့် အခက်အခဲ | ၂ | လျှပ်စစ်မီး မရှိသည့် အခက်အခဲ |
| ၃ | မီးမှုရေး မကျော်တော်သည့် အခက်အခဲ | ၃ | စားဝတ်နေရေး မပြေလည်သည့် အခက်အခဲ |
| ၄ | စိုက်ပျိုးရေး မွေးမြူရေး နည်းပညာဗဟုသုတ မရှိသည့် အခက်အခဲ | ၄ | ဆေးပေးခန်း မရှိသည့် အခက်အခဲ |
| ၅ | ဘာသာကျောင်းခြံစည်းရိုး မရှိသည့် အခက်အခဲ | ၅ | ကျန်းမာရေးအတွက် အရေးပေါ်ကား မရှိသည့် အခက်အခဲ |
| ၆ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် အခက်အခဲ | ၆ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် အခက်အခဲ |
| ၇ | ရေ ရှားသည့် အခက်အခဲ | ၇ | မီး ရှားရေး အခက်အခဲ |
| ၈ | မီး မရှိသည့် အခက်အခဲ | ၈ | မွေးမြူရေး - အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဘာသာကျောင်းခြံစည်းရိုး ရရှိရန် | ၁ | ကျန်းမာရေးအတွက် အရေးပေါ်ကား ရှိလာရန် |
| ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းလာရန် | ၂ | လျှပ်စစ်မီး ရရှိရန် |
| ၃ | မီး ရရှိရန် | ၃ | ရေ ရရှိရန် |
| ၄ | ဆေးပေးခန်း ရရှိရန် | ၄ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရန် |
| ၅ | ရေလှောင်ကန် ရရှိရန် | ၅ | ဆေးပေးခန်း ရရှိရန် |
| | | ၆ | စားဝတ်နေရေး ကောင်းမွန်လာရန် |
| | | ၇ | ဆက်သွယ်ရေး ကောင်းလာရန် (phone) |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မီး ရရှိရေး | (က+ခ) | | |
| ၂ | ဘာသာကျောင်းခြံစည်းရိုး | (က+ခ) | | |
| ၃ | ရေရရှိရေး | (က+ခ) | | |
| ၄ | ရွာလယ်လမ်း | (က+ခ) | | |
| ၅ | ဆေးပေးခန်း | (က) | | |
| ၆ | ဘာသာကျောင်း မျက်နှာကျက် နှင့် အိမ်သာ | (ခ) | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] (Phone) | မ | |
| ၂ | ကျန်းမာရေးအတွက် [illegible] | မ | |
| ၃ | စားဝတ်နေရေး အဆင်ပြေဖို့ | ကျ + မ | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ဆိုင်းမှု လက်မှတ် [signature] နေ့စွဲ 16-12-16

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီတောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ၊ ဦး နိုး မြင့် ၊ ဒေါ်ထွေး အယ် ရှိန်း |
| နေ့စွဲ ၁၃.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား ; မြို့နယ် ဖြူးမော့ဆို | ကျေးရွာအုပ်စု လိုဘာ ဦး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လိုဘာ ဦး | ခုံးမဆောင် | ၅၀'×၃၀'×၁၂' | ၁၀၇ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၁၈ သိန်း | - | - | - | ၁၁၈ သိန်း |
| ဆော်ဒ ဦး | စာသင်ကျောင်း | ၄၀'×၃၀'×၁၂' | ၈၁၅ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၁၉ သိန်း | - | - | - | ၁၁၉ သိန်း |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

| ရာထူး ကျေးရွာအုပ်စု စီ/တောက်ကော်မတီ ဥက္ကဋ္ဌ | အမည် | လက်မှတ် | ရက်စွဲ |
|---|---|---|---|
| | ဦး ဟောင်းမှိ | (လက်မှတ်) | ၁၃.၁.၂၀၁၇ |
| | ဒေါ်ရှီဗီ | (လက်မှတ်) | ၁၃.၁.၂၀၁၇ |

# ပထမအကြိမ်ကျေးရွာအစည်းအဝေး မှတ်တမ်း

ကျေးရွာနှင့်အုပ်စု - ဆီးဘူးပလော့ကျေးရွာ၊လိုဘာခိုအုပ်စု

နေရာ - ဦးကျော်ထူးနေအိမ်

ရက်စွဲ - ၁၅-၁၂-၂၀၁၆

တက်ရောက်သူဦးရေ - ကျား ၁၇ + မ ၁၈

ရည်ရွယ်ချက် ။ စီမံကိန်းအကြောင်းများ ပြောကြားခြင်း၊ လူမှုဆန်းစစ်ခြင်း ပြန်လည်သုံးသပ်ခြင်း နှင့် စေတနာ့ဝန်ထမ်းများ ပြန်လည်ရွေးချယ်ခြင်း။

ပထမအကြိမ်ကျေးရွာအစည်းအဝေးသို့ နံနက်(၉း၃၀)နာရီတွင် စတင်ပြီးတက်ရောက်သူများအား မှတ်တမ်း ကောက်ယူပါသည်။ထို့နောက် အစည်းဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘေးတိုမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်ပြီး အစီအစဉ်အရ လူထု ဗဟိုပြုစီမံကိန်းမိတ်ဆက် အချက်(၁၅)ချက်ကို ပြောကြားခဲ့ပြီး စီမံကိန်းစက်ဝန်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် အဓိကတာဝန်ဝတ္တရားများကို ပြောကြား ဆွေးနွေးခဲ့ရာတွင် စီမံကိန်းတွင်ပါဝင်ပတ်သက်သူတိုင်း တာဝန်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ထို့နောက် စေတနာ့ဝန်ထမ်း၏ တာဝန်နှင့်ဝတ္တရားများကို ကျေးရွာလူထုအားရှင်းပြပြီး အစည်းအဝေးတက်ရောက်လာသူများ မှ စီမံကိန်းအတွက်အထောက်အကူဖြစ်စေရန် ကျေးရွာစေတနာ့ဝန်ထမ်း ဦးလွှီးဇီနှင့်ဒေါ်မူယို ကို အသိအမှတ်ပြု ရွေးချယ်ခဲ့ပါသည်။

ဆက်လက်ပြီးအစီအစဉ်အရ လူမှုဆန်းစစ်ခြင်းဆိုင်ရာနှင့်ပတ်သက်သော လူမှုရေးနှင့်အရင်းအမြစ် ပြမြေပုံရေးဆွဲခြင်း၊ ဥစ္စာဓနကြွယ်ဝမှုပြဇယား ပြန်လည်ဆွေးနွေးခြင်း၊ ရာသီခွင်ဇယားကိုပြန်လည်ဆွေးနွေးခြင်း၊ ကျား/မ အဖွဲ့(၂)ဖွဲ့ခွဲ၍ ပင့်ကူအိမ်ကို အုပ်စုဖွဲ့၍ဆွေးနွေးခြင်းနှင့် ကျေးရွာတွင်အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှု ပြ ဇယားကို ပြန်လည်ဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် စီး/ထောက် ဥက္ကဋ္ဌ ဦးသာထူးဖေမှ ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေး ကို နေ့လည်(၁း၃၀)အချိန်တွင် ရုပ်သိမ်းလိုက်ပါသည်။

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာနှင့်အုပ်စုအမည် | - | ဆီးဘူးပလော့ကျေးရွာ ၊ လိုဘာခိုအုပ်စု |
| နေရာ | - | ဦးကျော်ထူးနေအိမ် |
| ရက်စွဲ | - | ၁၆-၁၂-၂၀၁၆ |
| တက်ရောက်သူဦးရေ | - | ကျား ၁၆ + မ ၁၆ |

ရည်ရွယ်ချက် ။ စီ/ထောက်ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ၏အခက်အခဲပြဿနာများ၊ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများဖော်ထုတ်နိုင်ရန်။

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက်(၉း၃၀)နာရီအချိန်တွင် စတင်ပြီးတက်ရောက်သူများအား မှတ်တမ်းကောက်ယူပါသည်။ထို့နောက် ပထမအကြိမ်ကျေးရွာအစည်းအဝေးအစီအစဉ်မှ ကျန်ရှိသောကျား/မရေးရာအသုံးပြုမှုနှင့် ထိန်းချုပ်မှုအားပြန်လည်ပြုလုပ်ခဲ့ပြီးလူမှုဆန်းစစ်ခြင်းဆိုင်ရာများ၏ ရည်ရွယ်ချက်များနှင့်တကွ ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်သုံးသပ်ခဲ့ပါသည်။ထို့နောက် လူမှုဆန်းစစ်ခြင်းရလဒ်ကိုအခြေခံပြီးကျေးရွာ၏အခက်အခဲပြဿနာများ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ကျား/မ အုပ်စုလိုက် သီးသန့်ဆွေးနွေးစေပြီး ပြန်လည်တင်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် စီမံကိန်းနှင့်ပတ်သက်သော လူမှုအကာအကွယ်နှင့်သဘာဝပတ်ဝန်းကျင်အကာအကွယ်များ၊ အကျုံးဝင်သောလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းများ၏ စံနှုန်းသတ်မှတ်ချက်များကို အသေးစိတ်ရှင်းပြခဲ့ပါသည်။ဆက်လက်ပြီးကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို ကျာ/မအလိုက်မဲစနစ်ဖြင့် ရွေးချယ်သတ်မှတ် ခဲ့ပါသည်။ဆက်လက်ပြီး ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကို ပြန်လည်ပြောကြားခဲ့ပြီးစီ/ထောက်ကော်မတီများ ပြန်လည်ရွေးချယ်အတည်ပြုခဲ့ပါသည်။ကော်မတီများကိုအတည်ပြုခြင်းနှင့်အတူ ဆောင်ရန်၊ ရှောင်ရန် စသည့်ကျင့်ဝတ်များ ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်အား အသက်ဝင်စေရန် ကြေညာပုံးနှင့် စာတိုက်ပုံးများထားရှိရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးစာအိတ်အသုံးပြုသည့်နည်းလမ်းများကိုလည်း ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆာကလိုထူးမှ တက်ရောက်လာကြသော ကျေးရွာလူထုအား ကျေးဇူးတင်စကားပြောကြားပြီး စီ/ထောက်ကော်မတီများအားလုံး COC နှင့် $HR_2$ ပုံစံများ ဖြည့်သွင်းလက်မှတ်ရေးထိုးကြကာ မှတ်တမ်းဓါတ်ပုံရိုက်ကြပါသည်။အစည်းအဝေးကို ညနေ (၂း၀၀) နာရီအချိန်တွင် ရုပ်သိမ်း လိုက်ပါသည်။

လိုအာခို အုပ်စု

ဆီဘုံးပလော့ ကျေးရွာ၊ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

**(PSA/PRA)အကျဉ်းချုပ်**

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက် အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social map/ Resource map) | ၂၀၁၉-၂-၁၆ | ရပ်မိရပ်ဖ၊ ကော်မတီ၊ကျေးရွာ လူထုများအားလုံး | ၁၇ | ၁၈ | ၃၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအ ခြေနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ရေလှောင် ကန်၊ သစ်တောများ |
| ၂။ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၀၁၉-၂-၁၆ | ချမ်းသာ၊ အလယ် အလတ်၊ နွမ်းပါး၊ | ၁၇ | ၁၈ | ၃၅ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ် နိုင်ရေးအတွက် အခြေခံစံ နှုန်းများသတ်မှတ်ရန် အများ လူထုသဘောတူတတ်မှတ် ခြင်း |
| ၃။ | ကျား/မရေးရာ ကဏ္ဍ (Assect Mapping) | ၂၀၁၉-၂-၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၆ | ၁၆ | ၃၂ | ကျေးရွာအတွင်းရှိ အရင်း အမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံ အဆောက်အဦး စသော လုပ်ငန်းများကို ဘယ်သူတွေ က အသုံးပြု၊ ထိမ်းချုပ်နေ သလဲဆိုတာကို ဆွေးနွေးမှု များပြုလုပ်ခြင်း |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၉-၂-၁၆ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၁၇ | ၁၈ | ၃၅ | အမျိုးသားများနှင့် အမျိုးသ မီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ (လုပ်အား၁) |
| ၅။ | အဖွဲ့အစည်းချိတ် ဆက်ပုံ(Venn Diagram) | ၂၀၁၉-၂-၁၆ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့၊ကျေးရွာစီ ထောက်အဖွဲ့၊ ကျေးရွာလူထု၊ | ၁၇ | ၁၈ | ၃၅ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအ တွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၅-၁၂-၂၀၀၆ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၁၇ | ၁၈ | ၃၅ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ(အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ ဝင်ငွေအနည်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇။ | အခက်အခဲ/ပြဿနာ (Problem) | ၁၆-၁၂-၂၀၀၆ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၆ | ၁၆ | ၃၂ | ငွေရေးကြေးရေး၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးလေးစားခြင်း၊ မြေနေရာကျဥ်းခြင်း၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ |
| ၈။ | ကျေးရွာ၏(၄)နှစ်စာမျှော်မှန်းချက်များ (Village Vision) | ၁၆-၁၂-၂၀၀၆ | ကျေးရွာလူထုအားလုံး | ၁၆ | ၁၆ | ၃၂ | ပိုမိုတိုးတက်စည်းလုံးဖွံ့ဖြိုး၊ ပိုမိုကျန်းမာလုပ်ကိုင်နိုင် (စားဝတ်နေရေး)၊ ပိုမိုပညာရေးကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုကောင်းမွန်လာနိုင်၊ ပိုမိုကျေးရွာဖွံ့ဖြိုးလာနိုင်၊ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ (Village Approve Vision) | ၁၆-၁၂-၂၀၀၆ | ကျေးရွာလူထုအားလုံး | ၁၆ | ၁၆ | ၃၂ | ခန်းမဆောင်၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ လမ်း၊ ရေလှောင်ကန်၊ ရေပိုက်/ငုတ်၊ လျှပ်စစ်မီး၊ |
| ၁၀။ | ကျေးရွာဦးစားပေးလုပ်ငန်းစဥ်များ (Village Object Vision) | ၁၆-၁၂-၂၀၀၆ | ကျေးရွာလူထုအားလုံး | ၁၆ | ၁၆ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဥ်အဆင့်သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁။ | ကျေးရွာသမိုင်းအကျဥ်းချုပ် (History) | ၁၆-၁၂-၂၀၀၆ | အမျိုးသမီး၊ အမျိုးသားလူထုအားလုံး | ၄ | ၂ | ၆ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာ စသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း၊ |